Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township,
Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

## စီမံအုပ်ချုပ်သူများမှ လေ့လာချက်နှင့် ဆွေးနွေးသုံးသပ်ချက်

အောက်ဖော်ပြပါစီမံအုပ်ချုပ်သူများ၏လေ့လာချက်နှင့်ဆွေးနွေးသုံးသပ်ချက်များသည် မြန်မာသီလဝါ အက်(စ်) အီး ဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီ၏ ဘဏ္ဍာရေး ရှင်းတမ်းကို အခြေခံထားခြင်း ဖြစ်ပြီး ထိုဘဏ္ဍာရေးရှင်းတမ်းနှင့်အတူတွဲ၍ ဖတ်ရှုနိုင်ပါသည်။ အခြားငွေကြေးအနေဖြင့် ဖော်ပြထားခြင်း မရှိပါလျှင် ငွေပမာဏဖော်ပြချက် အားလုံးမှာ မြန်မာကျပ်ငွေဖြစ်ပါသည်။

ကုမ္ပဏီ၏ ဘဏ္ဍာရေးနှစ် ကုန်ဆုံးသောလကို ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့်အညီ ယခင်က မတ်လ(၃၁) ရက်နေ့ဟု သတ်မှတ်ခဲ့ရာမှ ယခု စက်တင်ဘာလ (၃၀)ရက်နေ့ဟူ၍ ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။ ယခုနှစ်(၂၀၁၉ ဘဏ္ဍာရေးနှစ်)၏ ဘဏ္ဍာရေးရှင်းတမ်းသည် ၂၀၁၉ ခုနှစ်၊ ဧပြီလ (၁)ရက်မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ထိ (၆လတာ ကာလ)ကို ကိုယ်စားပြုပြီး၊ ယခင်နှစ်(၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်)၏ ဘဏ္ဍာရေးရှင်းတမ်းသည် ၂၀၁၈ ခုနှစ်၊ ဧပြီလ (၁)ရက်မှ ၂၀၁၉ ခုနှစ်၊ မတ် လ (၃၁) ရက်နေ့ထိ (၁၂လတာ ကာလ)ကို ကိုယ်စားပြုပါသည်။ ထို့ကြောင့် ဘဏ္ဍာရေးနှစ် နှစ်ခု၏ ရလဒ်များကို နှိုင်းယှဉ်ရာတွင် အလုံးစုံနှိုင်းယှဉ်ရန် ခက်ခဲပါသည်။

အဆိုပါ ဘဏ္ဍာရေးရှင်းတမ်းအား မြန်မာ ဘဏ္ဍာရေး အစီအရင်ခံခြင်းဆိုင်ရာစံများ (**MFRS**)နှင့်အညီ ရေးဆွဲထားပြီး၊ ပြင်ပစာရင်းစစ်ဖြစ်သည့် ဝင်းသင်နှင့်အဖွဲ့မှ စစ်ဆေးထားပြီး ဖြစ်ပါသည်။

ထို့အပြင် ဒါရိုက်တာအဖွဲ့အနေဖြင့် ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလ (၁၃) ရက်နေ့တွင် အတည်ပြုပြီးဖြစ်ပါသည်။

မြန်မာသီလဝါ အက်(စ်) အီး ဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (**“MTSH”**)

မြန်မာသီလဝါ အက်(စ်) အီး ဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်သည် ၂၀၁၃ ခုနှစ်၊ မေလ (၃) ရက် နေ့တွင် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော အများပိုင်ကုမ္ပဏီ တစ်ခုဖြစ် ပါသည်။ ၂၀၁၆ ခုနှစ်၊ မေလ (၂၀) ရက်တွင် ရန်ကုန်စတော့အိတ်ချိန်းတွင် ဒုတိယမြောက် စာရင်းဝင်သည့်ကုမ္ပဏီ တစ်ခုဖြစ်လာခဲ့ပါ သည်။

မြန်မာသီလဝါ အက်(စ်) အီး ဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အနေဖြင့် ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် စီမံအုပ်ချုပ်မှုအတွက်ရငွေ ၊ ရင်းနှီးမြှုပ်နှံမှုအပေါ် အမြတ်ရငွေများနှင့် အရောင်းကော်မရှင် အပါအဝင် အသားတင်အမြတ်ငွေ ကျပ် ၈.၃၆) ဘီလီယံရရှိပါသည်။

သီလဝါ ပရောပါတီး ဒက်ပလော့မန့် လီမိတက် (**“TPD”**)

သီလဝါ ပရောပါတီး ဒက်ပလော့မန့် လီမိတက်ကို သီလဝါအထူးစီးပွားရေးဇုန်တွင်တည်ရှိသည့် လူနေအိမ်ရာနှင့် စီးပွားရေး ဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ခြင်း၊ ဈေးကွက်တင်ရောင်းချခြင်းနှင့် နှစ်ရှည်ငှား ရမ်းခြင်း လုပ်ငန်းများ လုပ်ဆောင်ရန် တည်ထောင်ခဲ့ပါသည်။ သီလဝါ ပရောပါတီး ဒက်ပလော့မန့် လီမိတက်ကို သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီကုမ္ပဏီ (**“TSMCC”**)နှင့် ဖက်စပ်ဖွဲ့စည်းတည်ထောင်ထားပြီး၊ သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီကုမ္ပဏီ (**“TSMCC”**)မှ အစုရှယ်ယာ (၂၀) ရာခိုင်နှုန်းနှင့် မြန်မာ သီလဝါအက်(စ်) အီး ဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ (၈၀) ရာခိုင်နှုန်း အသီးသီးပိုင်ဆိုင်ကြပါသည်။

သီလဝါ ပရောပါတီး ဒက်ပလော့မန့် လီမိတက်သည် အိမ်ခြံမြေကဏ္ဍတွင် တိုးတက်မှုနှုန်း ဆက်လက် နှေးကွေးနေသည့် တိုင်အောင် ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် အသားတင်အမြတ်ငွေကျပ် (၂၈၆.၅) သန်း ရရှိပါသည်။

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

မြန်မာ–ဂျပန် သီလဝါ ဒီဗလော့မင့် လီမိတက် (**“MJTD”**)

မြန်မာ–ဂျပန် သီလဝါ ဒီဗလော့မင့် လီမိတက်ကို သီလဝါ အထူးစီးပွားရေးဇုန်တွင် တည်ရှိသည့် စက်မှု လုပ်ငန်းဧရိယာ ဖွံ့ဖြိုးရေး ၊ ဈေးကွက်တင်ရောင်းချခြင်း၊ နှစ်ရှည်ငှားရမ်းခြင်းနှင့် စက်မှုလုပ်ငန်းဧရိယာ လည်ပတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တည်ထောင်ခဲ့ပါသည်။ မြန်မာသီလဝါ အက်(စ်) အီး ဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်သည် မြန်မာ–ဂျပန် သီလဝါ ဒီဗလော့မင့် လီမိတက် ၏ မတည်ငွေရင်း၏ (၄၁) ရာခိုင်နှုန်းကို ပိုင်ဆိုင်ပါသည်။ မြန်မာသီလဝါ အက်(စ်) အီး ဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်သည် မြန်မာ–ဂျပန်သီလဝါ ဒီဗလော့မင့် လီမိတက်သို့ ကိုယ်စားပြု ဒါရိုက်တာ(၄)ဦးအား ဂျပန်ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပူးပေါင်း၍ လုပ်ငန်းများ တိုးချဲ့ဆောင် ရွက်နိုင်ရန် တာဝန်ပေးအပ်ထားပါသည်။

၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် မြန်မာ–ဂျပန် သီလဝါ ဒီဗလော့မင့် လီမိတက်သည် အသားတင်အမြတ်ငွေ အမေရိကန်ဒေါ်လာ (၁၂.၂) သန်းရရှိခဲ့ခြင်းသည် သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ စက်မှုမြေဧယာများအပေါ်၌ ရင်းနှီးမြှုပ်နှံသူများ၏ စိတ်ဝင်စားမှု ဆက်လက်ခိုင်မာလျက်ရှိကြောင်းကို ပြနေသည့် လက္ခဏာရပ်ဖြစ်ပါသည်။

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

**နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်း၏ ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်းပေါင်းချုပ်**

| | ပြောင်းလဲသော ရာခိုင်နှုန်း | ၂၀၁၉ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက် (ကျပ်သန်းပေါင်း) | ၂၀၁၉ခုနှစ်၊ မတ်လ (၃၁)ရက် (ကျပ်သန်းပေါင်း) |
|---|---:|---:|---:|
| ဝင်ငွေ | (၆၀%) | ၂,၁၅၀ | ၅,၃၈၂ |
| ဝင်ငွေအပေါ် မူရင်းကုန်ကျစရိတ် | (၅၁%) | (၁,၀၅၃) | (၂,၁၃၄) |
| အကြမ်းအမြတ် | (၆၆%) | ၁,၀၉၇ | ၃,၂၄၈ |
| အသုံးစရိတ် | (၄၇%) | (၁,၄၉၈) | (၂,၈၂၅) |
| တွဲဖက်လုပ်ငန်းများမှရသည့်အမြတ်ငွေ | (၃၃%) | ၇,၆၈၀ | ၁၁,၃၉၅ |
| လုပ်ငန်းလည်ပတ်မှုအမြတ်ငွေ | (၃၈%) | ၇,၂၈၀ | ၁၁,၈၁၈ |
| အခြားနည်းလမ်းမှရသည့်ဝင်ငွေ | (၇၆%) | ၉၉၅ | ၄,၀၉၆ |
| အခွန်လျာထားခြင်း မပြုမီ စုစုပေါင်းအမြတ် | (၄၈%) | ၈,၂၇၅ | ၁၅,၉၁၅ |
| ဝင်ငွေခွန် | (၉၅%) | (၁၄) | (၃၀၄) |
| အသားတင်အမြတ် | (၄၇%) | ၈,၂၆၁ | ၁၅,၆၁၀ |

| | | | |
|---|---:|---:|---:|
| အကြမ်းအမြတ်ရာခိုင်နှုန်း | (၁၅%) | ၅၁% | ၆၀% |

| | | | |
|---|---:|---:|---:|
| ရှယ်ယာတစ်စောင်၏အခြေခံဝင်ငွေ (ကျပ်) | (၄၇%) | ၂၁၁ | ၃၉၈ |

၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ဝင်ငွေ ကျပ် (၂.၁) ဘီလီယံရရှိခဲ့ရာ ယခင်နှစ်ဘဏ္ဍာရေးနှစ်ထက် ရာခိုင်နှုန်းအားဖြင့် (၆၀) ရာခိုင်နှုန်း လျော့နည်းပြီး၊ အကြမ်းအမြတ် (၆၆) ရာခိုင်နှုန်းသာလျော့ကျခြင်းမှာ အဓိကအားဖြင့် ၂၀၁၉ ဘဏ္ဍာရေးနှစ်သည် ယခင် ဘဏ္ဍာရေးနှစ်ထက် (၆) လတာ ကာလ လျော့နည်းသောကြောင့်ဖြစ်ပြီး၊ တစိတ်တပိုင်းအားဖြင့် ကော်မရှင်လုပ်ငန်းမှဝင်ငွေနှင့် အိမ်ခြံမြေ ရောင်းဝယ်ရေးလုပ်ငန်းမှဝင်ငွေတို့ လျော့ကျသွားခြင်းတို့ကြောင့်ဖြစ်သည်။

အခြားအဓိကအချက်များမှာ ယခုဘဏ္ဍာရေးနှစ်သည် ဖလတိုတောင်းသောကြောင့် ဖက်စပ်လုပ်ငန်းဖြစ်သည့် မြန်မာ–ဂျပန် သီလဝါ ဒီဗလော့မင့်လီမိတက်မှရရှိသော အမြတ်ငွေ ကျပ် (၃.၇) ဘီလီယံနှင့် အတိုးရရှိငွေ ကျပ် (၀.၈)ဘီလီယံ လျော့နည်းခဲ့ပါသည်။ ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံခြားငွေ လဲလှယ်မှုနှုန်းထားများ အပြောင်းအလဲအတက်အကျ အနည်းငယ်တည်ငြိမ်သောကြောင့် ကုမ္ပဏီအုပ်စု၏ လုပ်ငန်းဝင်ငွေ အမေရိကန်ဒေါ်လာနှင့် ၂၀၁၉ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့၌ လက်ဝယ်တွင်ရှိသော စုဆောင်းထားငွေ အမေရိကန်ဒေါ်လာ တန်ဘိုးသည် ကျပ်ငွေအသွင်အားဖြင့် တိုးမြှင့်လာမှုမှာ ယခင်နှစ်ထက် ကျပ် (၂.၃) ဘီလီယံနည်းပါးပါသည်။

ဤအချက်အလက်များကြောင့် ရှယ်ယာတစ်စု၏အခြေခံဝင်ငွေသည် (၄၇) ရာခိုင်နှုန်း လျော့နည်းခဲ့ပြီး၊ ၂၀၁၉ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ရှိ ရှယ်ယာတစ်စု၏အခြေခံဝင်ငွေသည် ကျပ် (၃၉၈) ဖြစ်ပြီး၊ ၂၀၁၉ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့ရှိ ရှယ်ယာတစ်စု၏အခြေခံဝင်ငွေသည် ကျပ် (၂၁၁)ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ လက်ကျန်ရှင်းတမ်းအနှစ်ချုပ်

ကျပ်သန်းပေါင်း

| | ပြောင်းလဲသော ရာခိုင်နှုန်း | ၂၀၁၉ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက် | ၂၀၁၉ခုနှစ်၊ မတ်လ (၃၁) ရက် |
|---|---|---|---|
| **ရပိုင်ခွင့်များ** | | | |
| **လက်ငင်းရပိုင်ခွင့်များ** | (၈%) | ၅၇,၈၄၀ | ၆၂,၆၅၃ |
| **လက်ငင်းမဟုတ်သောရပိုင်ခွင့်များ** | ၈% | ၃၇,၅၉၁ | ၃၄,၉၁၂ |
| **စုစုပေါင်းရပိုင်ခွင့်များ** | **(၂%)** | **၉၅,၄၃၀** | **၉၇,၅၆၅** |
| **ပေးရန်တာဝန်များ** | | | |
| **လက်ငင်းပေးရန်တာဝန်များ** | (၂၃%) | ၂,၁၃၄ | ၂,၇၅၅ |
| **လက်ငင်းမဟုတ်သောပေးရန်တာဝန်များ** | (၂%) | ၂,၇၁၉ | ၂,၇၆၁ |
| **စုစုပေါင်းပေးရန်တာဝန်များ** | **(၁၂%)** | **၄,၈၅၃** | **၅,၅၁၆** |
| **အသားတင်ရပိုင်ခွင့်များ** | **(၂%)** | **၉၀,၅၇၇** | **၉၂,၀၄၉** |
| **ရင်းနှီးငွေ** | | | |
| **ထုတ်ဝေပြီး မတည်ငွေ** | - | ၃၈,၉၂၉ | ၃၈,၉၂၉ |
| **စုဆောင်းပြီး အမြတ်လက်ကျန်** | (၃%) | ၄၃,၉၈၇ | ၄၅,၅၁၆ |
| **အခြားအကျိုးခံစားခွင့်ဆိုင်ရာများ** | ၁% | ၇,၆၆၁ | ၇,၆၀၄ |
| **စုပေါင်းရင်းနှီးငွေ** | **(၂%)** | **၉၀,၅၇၇** | **၉၂,၀၄၉** |

လက်ငင်းရပိုင်ခွင့် (၈) ရာခိုင်နှုန်းကျဆင်းခဲ့ခြင်းမှာ ရုံးခန်းအသစ်ဝယ်ယူခြင်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် အမြတ်ဝေစုထုတ်ပေးခြင်းကြောင့် လက်ကျန်ငွေ ကျဆင်းသွားသောကြောင့် ဖြစ်ပါသည်။ လက်ငင်းမဟုတ်သော ရပိုင်ခွင့် (၈) ရာခိုင်နှုန်း တိုးမြင့်လာမှုသည် တစိတ်တပိုင်းအားဖြင့် အထက်တွင်ရှင်းလင်းထားသည့် ရုံးခန်းအသစ်ဝယ်ယူခြင်းကြောင့်ဖြစ်ပြီး၊ အဓိကအားဖြင့် တွဲဘက်လုပ်ငန်း၏ ခွဲဝေမှုမပြုရသေးသော အမြတ်ငွေပမာဏများကြောင့် တွဲဘက်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံသည့်ပမာဏ မြင့်တက်သွားသောကြောင့်ဖြစ်ပါသည်။

လက်ငင်းပေးရန် တာဝန်၌ (၂၃)ရာခိုင်နှုန်း လျော့ကျခြင်းမှာ ဆောက်လုပ်ရေး လုပ်ငန်းဆောင်ရွက်ချက်များ လျော့ပါးလာသောကြောင့် ဆပ်ကန်ထရိုက်တာများသို့ ပေးရန်တာဝန်များ လျော့နည်းသွားခြင်းကြောင့် ဖြစ်ပါသည်။

လက်ငင်းမဟုတ်သော ပေးရန်တာဝန် (၂) ရာခိုင်နှုန်းကျဆင်းခဲ့ခြင်းသည် ဝယ်သူများ၏ ကြိုတင်ပေးသွင်း ငွေတချို့ကို ဘဏ္ဍာရေးရှင်းတမ်းတွင် ဝင်ငွေအဖြစ် အသိအမှတ်ပြုလိုက်သောကြောင့် ဖြစ်ပါသည်။ ဝယ်သူများ ထံမှ ကြိုတင်ရငွေကို စာချုပ်ချုပ်ဆိုခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်ပြီးပြည့်စုံမှသာ ဝင်ငွေအဖြစ် သတ်မှတ်ပါသည်။

၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း အမြတ်လက်ကျန်ငွေ (၃) ရာခိုင်နှုန်း၊ ပမာဏအားဖြင့် ကျပ် (၁.၅) ဘီလီယံ ကျဆင်းခြင်းမှာ ယခုနှစ်၏ အမြတ်ငွေ ကျပ် (၈.၂) ဘီလီယံ တိုးတက်ခဲ့ခြင်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အတွက် အမြတ်ဝေစု ကျပ် (၉.၇) ဘီလီယံ ထုတ်ပေးခြင်းတို့၏ အသားတင်ရလဒ်ဖြစ်ပါသည်။.

အနာဂတ်အလားအလာ

သီလဝါပရောပါတီးဒက်ဗလော့မင့်လီမိတက်သည် ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ပျမ်းမျှစွမ်းဆောင်ရည်ကို ဖော်ဆောင်နိုင်နိုင်ခဲ့ပြီး လူနေအိမ်ရာနှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံဈေးကွက် ပြန်လည် ဦးမော့လာသည့် အချိန်အထိ သင့်တင့်စွာ ဆက်လက် ထိန်းသိမ်း ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါသည်။

မြန်မာ-ဂျပန်သီလဝါ ပရောပါးတီး ဒီဗလော့မင့် လီမိတက်၏ နှစ်ရှည်မြေငှားရမ်းခြင်းမှရရှိသော ဝင်ငွေအပြင် စက်ရုံငှားရမ်းမှုနှင့် ရေနှင့်လျှပ်စစ် ခတ်အား ဝန်ဆောင်မှုလုပ်ငန်းများမှဝင်ငွေများ ခိုင်မာမှုသည် ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကုမ္ပဏီ အုပ်စု၏ ဘဏ္ဍာရေးစွမ်းဆောင်မှု ကောင်းမွန်စေခြင်း၏အဓိကအကြောင်းဖြစ်ပါသည်။

သီလဝါအထူးစီးပွားရေးဇုန်အတွင်း ကုမ္ပဏီပေါင်း ၁၀၉ခုမှ အမေရိကန်ဒေါ်လာ ၁.၈၆ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံထားပြီး၊ ၎င်းကုမ္ပဏီများအနက်မှ ၁၅ခုမှာ စီးပွားရေးလုပ်ငန်းများ တိုးချဲ့လျက်ရှိပါသည်။

ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၉ ဘဏ္ဍာရေးနှစ်၏ ရလဒ်များ ကျဆင်းသွားရခြင်းမှာ ဘဏ္ဍာရေးနှစ် အကူးအပြောင်းကြောင့် ၂၀၁၉ ဘဏ္ဍာရေးနှစ်သည် ယခင်နှစ်ထက် ၆လတိုတောင်းသောကြောင့်ဖြစ်ပါသည်။

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

ကုမ္ပဏီအုပ်စုအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကောင်းမွန်သော ဘဏ္ဍာရေးစွမ်းဆောင်ရည်ကိုဖော်ဆောင်နိုင်မည်ဟု စီမံအုပ်ချုပ်သူများမှ မျှော်လင့်ယုံကြည်မှုရှိပါကြောင်း ရှင်းလင်းဖော်ပြအပ်ပါသည်။